## ပထမအကြိမ် စုစည်းထုတ်ဝေသူ၏ အမှာ

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို မြန်မာသက္ကရာဇ် ၁၂၃၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့ (ခရစ်နှစ် ၁၈၇၆ခု၊ မတ်လ ၂၃ ရက်) တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်၊ ဝါးလည်ကျေးရွာ၌ ဖွားမြင်ခဲ့သည်။

(၉) နှစ်သား အရွယ်လောက်တွင် မန္တလေးမြို့ ရွှေမြတောင် ကျောင်းတော်ကြီးတွင် အမေ့မောင် ဦးလေးရဟန်းနှင့်အတူ စာလာ ရောက်သင်ကြားနေစဉ် သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်တို့က ဖမ်းဆီး ခေါ်ဆောင်သွားပြီး လွတ်လပ်သော ကိုယ်မင်းကိုယ့်ချင်း နိုင်ငံကြီးဘဝမှ ငြိတိသျှကိုလိုနီဘဝသို့ ကျရောက်ရသည့်အဖြစ်ကို ဝမ်းနည်း ကြေကွဲဖွယ် ကြုံတွေ့ခဲ့ရသူ ဖြစ်ပါသည်။

ဤအသိ ဤအမြင်တို့ပေါင်းစပ်၍ ကြီးပြင်းလာသော ဆရာ ကြီးသည် ကွယ်လွန်သည်အထိ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဘက်မှ ထာဝရ ရပ်တည်ခဲ့သည်။

ဆရာကြီးသည် မိမိ၏ကိုယ်ပိုင်ကလောင်ဖြင့် နယ်ချဲ့လက် အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် မနားမနေ ရေးသား ရပ်တည်ခဲ့ရာမှ တို့ဗမာအစည်းအရုံးတွင် လူငယ်အင်အားစုနှင့် ပူးပေါင်း ကာ လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့သည်။

လွတ်လပ်ရေးရပြီးချိန်တွင် တပည့်လူငယ်များ အယူအဆ ကွဲလွဲ၍ လက်နက်ဆွဲကိုင်ကြသည့်အခါ၌ တိုင်းပြည်နှင့် လူထုအကျိုး ကို ငဲ့ကာ သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေး၍ ပြည်တွင်းစစ် ရပ်စဲရန် ငြိမ်းချမ်းရေးအရယူရန် နှစ်ဖက်အား ဆရာကြီးက အနှစ်နှစ်အလလ စိတ်ရှည်လက်ရှည် ပန်ကြားခဲ့သည်။

မြန်မာတွင်သာမက ကမ္ဘာကြီးတစ်ဝှန်း ငြိမ်းချမ်းရေးရအောင် ဆရာကြီးက ရည်စူး၍ မြန်မာနိုင်ငံ ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက်တွင် လည်း ဆရာကြီးက တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသူ ဖြစ်သည်။

ဆရာကြီး၏ ကြီးမားသော ကျေးဇူးတရားများကို ဆပ်လိုပါ သဖြင့် ဆရာကြီးမသေခင် ပြုစုခဲ့သော စာအုပ်အသီးသီးမှ စုစည်း၍ရ သော ရှားပါးလှသည့် လေးချိုးကြီးကဗျာများကို ရိုက်နှိပ်ထုတ်ဝေ လိုက်ရပါသည်။

ဆရာကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသား သွေးစည်း ညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးစာပေများ အဓွန့်ရှည်ပါစေ။

## မာတိကာ


| | | |
|---|---|---|
| ၁။ | အညာမင်္ဂလာဆောင် | ၁ |
| ၂။ | ၁၉၁၉ ခုနှစ် ဘီလပ်သွားကိုယ်စားလှယ်များ | ၆ |
| ၃။ | ၁၉၂၀ပြည့်နှစ် ယူနီဗာစီတီသပိတ် | ၉ |
| ၄။ | တက္ကသိုလ်သခင်ကျောင်း | ၁၂ |
| ၅။ | ဗိုလ်လရောင် | ၁၆ |
| ၆။ | အာဇာနည်ဗိမာန် | ၁၈ |
| ၇။ | မေတ္တာရေစင်တရား | ၂၄ |
| ၈။ | သာယာဝတီဂဠုန် | ၂၅ |
| ၉။ | မိဖုရားစောလုံ | ၂၇ |
| ၁၀။ | မိဖုရားဘို့မယ် | ၂၉ |
| ၁၁။ | တပင်ရွှေထီး | ၃၀ |
| ၁၂။ | တောင်ငူရာဇာ | ၃၁ |
| ၁၃။ | အလောင်းမင်းတရား | ၃၂ |
| ၁၄။ | မင်းတုန်းမင်းတရား | ၃၃ |
| ၁၅။ | နေရှင်နယ်ဒေးဘွဲ့လေးချိုးကြီး | ၃၆ |
| ၁၆။ | ရေနံချောင်းမြို့တို့ဗမာသခင် သခင်ကွဲန်ဖရင့်ဘွဲ့ကဗျာ မဟာလေးချိုးကြီး | ၃၉ |
| ၁၇။ | အိုးဝေသို့ပေးသည့်လေးချိုးကြီး | ၄၄ |
| ၁၈။ | တက္ကသိုလ်ကျောင့်ထုံး နိဂုံးချုပ်ကဗျာ ရစနာလေးချိုးကြီးကဗျာ | ၄၈ |
| ၁၉။ | ငြိမ်းချမ်းရေးသဝဏ်လွှာကဗျာလေးချိုးကြီး | ၅၂ |
| ၂၀။ | ပြည်တော်သာမင်းမနိုင် ရန်ပြိုင်သည့်အရေး တေးကဗျာလေးချိုးကြီး | ၅၆ |
| ၂၁။ | ခေါင်းဆောင်ဆိုသူတို့ ဖတ်ကြဖို့ အနတ္တလေးချိုးကြီး | ၅၉ |